

# ခရီးဆောင်ပါသရ

မျှော်နန်း(ပြည်)



# အခန်း(၁)

ကြယ်ရောင်ပင်မရှိသော ညအမှောင်အောက်ဝယ် တိတ်ဆိတ်စွာ အိပ်မောကျနေသော သပြေကန်ရွာလေး၏ အနောက်ဘက်တွင် ရှိသည့် ဆည်းလည်း သံ ညံ့စီ ရွှေစေတီ၏ ရင်ပြင်တစ်နေရာ၌ ...

" ၃၁ ဘုံ ကျင်လည် ကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ...."

"နှောင်… ဝေ… ဝေ ... ဝေ…"

မေတ္တာဓာတ် လွှမ်းသော အသံရှင်တစ်ဦး၏ မေတ္တာပို့ အမျှဝေသံနှင့် အတူ ကြေးစည်သံလေးများ ထွက်ပေါ်လို့ နေလေသည် ။

သပြေကန် တစ်ရွာလုံးသည် ကား အိပ်မောကျလျက်။ ထိုရွှေစေတီ ပေါ်မှ အဘိုးနှင့် ညဥ့်ငှက်တို့ သည် သာ ယခုချိန်ခါ လှုပ်ရှားသွားလာနေသော သက်ရှိများ ပေတည်း။

" ဂါး...ဂါး.."

ညဥ့်ငှက်တို့ ၏ အော်မြည်သံသည် ကား မိုးသို့ပင်ညံလျက် ရှိ၏။

" အူ....ဝူး… ။ အူ..ဝူး..."

ဆွဲဆွဲငင်ငင် အူနေသော ခွေးများ ၏ အသံလည်း တစ်ချက်တစ်ချက်

ထွက်ပေါ်လျက်ရှိ၏။ မှောင်မိုက်သော ညကမ္ဘာ အလယ်၌ ကြောက်လန့်ခြင်း အလျှင်းမရှိသော အဘိုးအိုသည် သာ ကမ္ဘဋ္ဌာန်းအာရုံ မပျက်ထုံ၍ နေ၏။

ထိုအဘိုးအိုသည် ကား အခြားသူမဟုတ်ပေ။ ဤသပြေကန်ရွာ၌ပင် နေသော ကပ္ပိယကြီး ဦးအုန်းရွှေ သာတည်း။ အဘိုး ဦးအုန်းရွှေသည် လွန်စွာမှ အေးချမ်းသူ ဖြစ်၏။ တစ်ကိုယ်ရေ တစ်ကာယသမား ဖြစ်သည့် အပြင် ငယ်စဉ်မှ သည် ယခုအသက်ရွယ် ရသည် အထိ ဘုန်းကြီးကျောင်း၌ သာ အမြဲတစေ နေသူလည်း ဖြစ်သည် ။

အဘိုးဦးအုန်းရွှေသည် ပါဠိ၊ သက္ကတစာပေတို့ ၌ လည်း အတန်အသင့် တတ်ကျွမ်းသူ ဖြစ်၏။ ထို့အပြင် လောကီ ပညာ၌ လည်း ဝါသနာထုံ၏။ သူ၏ ဝါသနာအထုံးဆုံးသော အရာမှာ အင်္ဂရတ်ပညာဖြစ်သည် ။

ရပ်ရွာတွင်းမှ ကလေးသူငယ်များ လန့်၍ နေသည် ၊ သို့တည်းမဟုတ် တစ်စုံတစ်ခုသော အမှောင့်ပယောဂ ကပ်နေသည် ဆိုလျှင် အဘိုးကို အားကိုးကြသည် ။ အဘိုးထံမှ ရေစင်ရေမန်း၊ ချည်မန်းကွင်း စသည့်တို့ အားလည်း အိမ်တိုင်းလိုလို ဆောင်ထားကြ၏။

အဘိုးသည် ထိုရွာလေး၏ ကယ်တင်ရှင် ပမာသာတည်း။ ထို့သို့ ကုသသော်လည်း အဘိုးသည် အခကြေးငွေ ယူသည် မဟုတ်ပေ။ မေတ္တာသက်သက်သာ ကူညီသူ ဖြစ်၏။

***